ညောင်ကုန်းကျေးရွာ

ဟသ်ာတမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၂၀-၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ညောင်ကုန်းကျေးရွာ၊ဟသ်ာတမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၂၀ခုနှစ်၊ မတ်လ

မာတိကာ

မာတိကာ ၂

စကားချီး ၆

ညောင်ကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဟင်္သာတမြို့နယ် ၈

ညောင်ကုန်းကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊ ဟင်္သာတမြို့နယ် ၉

ညောင်ကုန်းကျေးရွာ အဖွဲ့အစည်းပြပုံ၊ ဟင်္သာတမြို့နယ် ၁၀

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၁၁

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၃

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၁၄

(က)လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ- ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှုများ

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၆

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(၈) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု- လမ်း၊တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(၈၂) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၉
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ၊
(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၂၃
(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက် အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စရပ်များ၊ ၂၅
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၇
(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေးစီမံချက်များ
(ဃ)အကောင်အထည်ဖော်မည့်အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၃၁
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၃၃
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက်အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၅
(က)ကြီးကြပ်စစ်ဆေးခြင်း
(ခ)နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ(၁) ကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား ၃၈
နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၄၀
နောက်ဆက်တွဲ(၃) စီမံကိန်းဇယားများ ၄၁
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့်ကျား/မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိပဲတနေလျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ
ဇယား ၁၁ ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့်အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏စိုက်ပျိုးရေးသုံးကရိယာများပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်အခွင့်အလမ်းများ
ဇယား ၂၃ စိုက်ပျိုး/မွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်ပြဿနာ
နှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ

ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှုစျေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း
ဇယား ၂၉ ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့
အကျင့်နှင့်အခက်အခဲများ
ဇယား ၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတတ်နှုန်း
ဇယား ၃၂ စာသင်ကျောင်းအခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေးအခက်အခဲနှင့်ပြဿနာများ
ဇယား ၃၄ အဖြစ်များသောရောဂါများ
ဇယား ၃၅ လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိမှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား/မ ရေးရာ
ဇယား ၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏တံတားတည်ရှိမှု
ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား၄၄ လျှပ်စစ်မီးရရှိမှုအခြေအနေများ
ဇယား၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ
ဇယား၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား၄၇ ဘေးကင်းလုံခြုံရေးဝန်ဆောင်မှုအထောက်အကူများလက်လှမ်းမီမှု
ဇယား၄၈ မှုခင်းဖြစ်ပွားမှုအခြေအနေ
ကိုးကားစာရင်း ၉၀

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ဘဏ္ဍာရေးနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ညောင်ကုန်းကျေးရွာ၏ ကျေးရွာသူ/ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့်ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများကစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့်အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည် သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သောလုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ရွေးချယ်မှု

များနှင့်လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ဟသ်ာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ အကြံပြုချက်များ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။

မတ်လ ၂၀၂၀ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ညောင်ကုန်းကျေးရွာ

ဟသ်ာတမြို့နယ်

စည်တော်ကုန်းကျေးရွာအုပ်စု၊ ညောင်ကုန်းကျေးရွာ၊ သယံစာတမ်းပြမြေပုံ

ညောင်ကုန်းကျေးရွာ ရာသီခွင်ပြပြကွဒိန်မြေပုံ၊ ဟင်္သာတမြို့နယ်

စဉ်	အကြောင်းအရာ	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
၁	ရာသီဥတုအခြေအနေ												
၂	လယ်/ယာစိုက်ပျိုးရေး	မြေပြင်	ထွန်စက်ခွဲ	စပါးကျဲ	ဓါတ်မြေဩဇာ	ဆေးဖျန်း	ဆေးဖျန်း	စပါးရိတ်သိမ်း	မတ်ပဲစိုက်	ပိုးသတ်ဆေးဖျန်း	-	ပဲသိမ်း	ပဲသိမ်း
၃	အသုံးစရိတ်	နည်း	များ	များ	အလွန်များ	များ	နည်း	များ	များ	များ	နည်း	များ	များ
၄	ချေးငွေလိုအပ်မှု	နည်း	များ	များ	များ	များ	နည်း	များ	နည်း	နည်း	နည်း	နည်း	နည်း
၅	ဝမ်းစာဖူလုံမှု	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ
၆	သောက်သုံးရေဖူလုံမှု	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ
၇	တိရစ္ဆာန်အစာ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ
၈	တိရစ္ဆာန်ရောဂါဖြစ်ပွားမှု	နည်း	နည်း	များ	များ	နည်း	နည်း	နည်း	နည်း	နည်း	များ	များ	များ
၉	ပွဲတော်	သင်္ကြန်ပွဲ	ညောင်ရေသွန်းပွဲ	မရှိ	မရှိ	မရှိ	မရှိ	မီးထွန်းပွဲ	မရှိ	မရှိ	မရှိ	မရှိ	မရှိ
၁၀	သဘာဝဘေးအန္တရာယ်	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ

ညောင်ကုန်းကျေးရွာ အဖွဲ့အစည်းပြဇယားပုံ၊



အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်

(၁) နိဒါန်း–ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့်ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊(၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊စာပေပညာရှင်များ၊သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့်ကျေးရွာလူထု၏ လိုလားချက်နှင့်ဌင်းတို့၏စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ကျေးရွာနှင့် ကျေးလက်လူထု၏တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ကျေးရွာ နှင့်ဆိုင်သောဌင်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ဌင်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့်အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့်လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင်ရှင်းလင်းစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကို

လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံချက်များကို နှစ်အလိုက်ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ဟင်္သာတမြို့နယ်သည် မြန်မာနိုင်ငံ၏ အောက်ပိုင်းတွင် တည်ရှိ၍ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်တွင် တည်ရှိပါသည်။ ဟင်္သာတမြို့နယ်သည် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၅ မိနစ်နှင့် ၁၇ ဒီဂရီ ၅၀ မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၀မိနစ်နှင့် ၉၅ဒီဂရီ ၃၅မိနစ်ကြားတွင် တည်ရှိပြီး အကျယ် အဝန်းမှာ (၃၇၈.၆၅)စတုရန်းမိုင် ကျယ်ဝန်းပါသည်။

ဟင်္သာတမြို့နယ်သည် အရှေ့ဘက်တွင်ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၊ အရှေ့တောင်ဘက်တွင် ဇလွန်မြို့နယ်၊တောင်ဘက်တွင် ကျုံပျော်မြို့နှင့် ဓနုဖြူမြို့နယ်၊ အနောက်မြောက်ဘက်တွင် အင်္ဂပူမြို့နယ် တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါသည်။

ဟင်္သာတမြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှုများသောဒေသ ဖြစ်ပါသည်။ ဟင်္သာတမြို့နယ်သည် သမမျှတသောရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန် (၄၂.၈ °C) ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ (၂၇°C)ဖြစ်ပါသည်။ တစ်နှစ်ပျမ်းမျှမိုးရွာရက်(၁၀၈)ရက်ရှိပြီး ပျမ်းမျှမိုးရေချိန် (၉၃.၉၇)လက်မဖြစ်ပါသည်။ မိုးအများဆုံးရွာသွန်းသောလမှာ ဇူလိုင်လနှင့်သြဂုတ်လများဖြစ်ပါသည်။

ညောင်ကုန်းကျေးရွာသည်ပထဝီဝင်အနေအထားအရမြေပြန့်ဒေသဖြစ်ပါသည်။ စည်တော်ကုန်း ကျေးရွာအုပ်စုတွင်ပါဝင်ပါသည်။ ဟင်္သာတမြို့နယ်နှင့်(၁၅)မိုင်ကွာဝေးပါသည်။ ပတ်ဝန်းကျင် ကျေးရွာများမှာ စည်တော်ကုန်းကျေးရွာ၊ ဇီးကုန်းကျေးရွာနှင့် ခရုချောင်းကျေးရွာတို့ဖြစ်ပါသည်။ ညောင်ကုန်းကျေးရွာသည် လယ်လုပ်ငန်းကို အဓိကလုပ်ကိုင်သော ဒေသတစ်ခုလည်း ဖြစ်ပါသည်။ အခြားလုပ်ငန်းများကိုလည်း အနည်းငယ်လုပ်ကိုင်သော ဒေသတစ်ခုဖြစ်ပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

ညောင်ကုန်းကျေးရွာတွင် ဓာတ်သတ္တုအရင်းအမြစ်များ ထွက်ရှိခြင်းမရှိပါ။ ဆေးဖက်ဝင်အပင်များဖြစ်သည့် ချိတ်မှန်ပင် ၊ တဇောင်းလက်ပတ်၊ ကုလားပင်စိမ်း၊ ဆင်တုံးမန္တယ်၊ပွေးကိုင်း၊ ဆိပ်ဖြေပင်၊ သဘော်ပင်စသည်တို့ အနည်းငယ်သာပေါက်ရောက်ပါသည်။ လယ်ယာမြေနှင့် စားကျက်မြေအတင့်အသင့်ရှိပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်ပါသည်။ တောင်သူအများစုမှာ မိုးရေကိုသာ အဓိကအားထားစိုက်ပျိုးပါသည်။ လယ်မြေ(၃၉၉.၁၇)ဧကနှင့် စားကျက်မြေ(၄၀.၃၅)ရှိပါသည်။ ညောင်ကုန်းကျေးရွာတွင် လယ်ဧကအားလုံးတွင် စပါးနှင့်မတ်ပဲကိုသာ အဓိကစိုက်ပျိုးပါသည်။

(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ညောင်ကုန်းကျေးရွာတွင် အိမ်ထောင်စု(၁၃၃)စုရှိပြီး လူဦးရေစုစုပေါင်း(၅၂၈)ဦးရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၃.၉၆)ဦးနှုန်းခန့်ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅)ဦးနှုန်းထက် လျော့နည်းနေပါသည်။ အသက်(၁၅ နှစ်မှ ၆၄ နှစ်)အထိ အလုပ်လုပ်နိုင်သောလူဦးရေမှာ (၆၇%)ရှိပြီး (၁၅)နှစ်အောက်လူဦးရေနှင့် အသက်(၆၄)နှစ်အထက် လူဦးရေစုစုပေါင်း (၃၄%)သည် မှီခိုသူများဖြစ်ကြပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့်ခွဲခြားမှုနည်းလမ်းအရ ကျေးရွာအိမ်ထောင်စု၏ (၆၂%)မှာ ဆင်းရဲသားအိမ်ထောင်စုများ ဖြစ်ကြပါသည်။ အဆင့်ပြေသောအိမ်ထောင်စုမှာ(၁၀)စုရှိပြီး လယ်(၁၂.၅)ဧကအထက်ပိုင်ဆိုင်သူများ ဖြစ်ကြပါသည်။ အိမ်အနေအထားမှာလည်း တိုက်ခံ၊သွပ်မိုး၊ပျဉ်ထောင်၊ပျဉ်ခင်းဖြစ်ပြီး လယ်ယာသုံးကိရိယာများနှင့် နွားစသည်တို့ကို ပိုင်ဆိုင်ကြပါသည်။ အလယ်အလတ်ရှိသောအိမ်ထောင်စု(၄၁)စုရှိပြီး လယ်(၂.၅-၁၂.၅)ဧကကြားပိုင်ဆိုင်ကြပါသည်။ မပြေလည်သောအိမ်ထောင်စု(၃၁)စုရှိပြီး လယ်(၂.၅)ဧကအောက်ပိုင်ဆိုင်ကြပါသည်။ အလွန်ဆင်းရဲသောအိမ်ထောင်စု(၅၁)စုရှိပြီး မြေယာမပိုင်ဆိုင်သူများဖြစ်ကြပါသည်။ ကျေးရွာအိမ်ထောင်စု၏ (၄၀%)ကျပန်းလုပ်ကိုင်ကြသူများ ဖြစ်ကြပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ညောင်ကုန်းကျေးရွာတွင် ဆင်းရဲနွမ်းပါးသောအိမ်ထောင်စု(၈၂)စုရှိသည့်အနက် (၂၀)ရာခိုင်နှုန်းမှာ(၃)လအောက်ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပြီး၊ (၄၀)ရာခိုင်နှုန်းမှာ(၃-၆)လအထိဝမ်းစာဖူလုံမှုရှိ၍ ချေးငှားခြင်းမပြုဘဲထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပါသည်။ ၄င်းတို့သည် လုပ်အားခကြိုယူခြင်း၊ ငွေတိုးချေးစားသူများထံမှ ချေးယူခြင်း၊ ခေါက်ပြန်ပေး အကြွေးယူခြင်းအပြင် အခြားဒေသများသို့ သွားရောက်အလုပ်လုပ်ကိုင်သူတို့ထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်းနေကြရပါသည်။

(ဃ)ကျန်းမာရေးနှင့်အာဟာရ

ကျန်းမာရေးအတွက်တစ်ခုခုဖြစ်ပွားပါက (၃)မိုင်အတွင်း ကွာဝေးသော နိဗ္ဗာန်တိုက်နယ်ဆေးရုံတွင်အဓိကထား၍ သွားရောက်ပြသကြပါသည်။ အရေးပေါ်ကိစ္စရပ်များအတွက် ဟင်္သာတမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြသကြပါသည်။ ကျေးရွာတွင် ရေတွင်း(၃)တွင်း၊ အဝီစိတွင်း(၅၆)တွင်း၊ အဝီစိတုံကင်(၅၄)တွင်းရှိသဖြင့် သောက်သုံးရေအတွက် လုံလောက်မှုရှိသော်လည်း ရေဝါသဖြင့် ရေစစ်ကန်ဖြင့် အသုံးပြုရပါသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များရှိကြသည်။ ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြပါသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြပါသည်။

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ညောင်ကုန်းကျေးရွာအခြေခံပညာမူလတန်းကျောင်းတွင် ကျေးရွာမှ ကျောင်းသား၊ ကျောင်းသူ (၁၂၀)ဦးခန့်ရှိပါသည်။ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျောင်းသားမိဘများအားလုံးသည် တက်ကြွစွာပါဝင်ပူးပေါင်းဆောင်ရွက်ကြပါသည်။ ကျေးရွာသူ၊ကျေးရွာသားများတွင် ဘွဲ့ရသူဦးရေ အသင့်အတင့်ရှိပါသည်။

ကျေးရွာရှိလယ်သမားများ အဓိကစိုက်ပျိုးသီးနှံမှာ စပါးနှင့်မတ်ပဲဖြစ်ပြီး မိုးရာသီနှင့်နွေရာသီ နှစ်သီးစိုက်ပျိုးကြသည်။ နွား၊ဆိတ်၊ဝက်၊ကြက်၊ဘဲမွေးမြူခြင်းစသည်တို့ကို တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းလုပ်ဆောင်မှုမရှိသောအိမ်ထောင်စုများအနေဖြင့် ဈေးဆိုင်၊ အရောင်းအဝယ်၊စက်ချုပ်၊ဆိုင်ကယ်ကတ်စီအစရှိသည့်လုပ်ငန်းများကိုလုပ်ကိုင်ကြပါသည်။ အစိုးရဌာနများတွင် ဝင်ရောက်အမှုထမ်းနေသော ပညာရေးဝန်ထမ်းများလည်းရှိပါသည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ညောင်ကုန်းကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးလူဦးရေမှာ အမျိုးသားလူဦးရေထက် နည်းပါသည်။ လယ်စိုက်ချိန်တွင် အမျိုးသမီးတစ်ဦးလျှင် (၃၀၀၀)ကျပ်ခန့်ရရှိ၍ အမျိုးသားတစ်ဦးလျှင် (၅၀၀၀)ကျပ်ခန့်ရရှိပါသည်။ နေ့စားအလုပ်လုပ်ကိုင်သူများမှာ စျေးဆိုင်၊ ဝန်ထမ်း၊ စားသောက်ဆိုင် လုပ်ငန်းအလုပ်သမားများအဖြစ် လုပ်ကိုင်ကြပါသည်။ တစ်နေ့လျှင်လုပ်အားခအမျိုးသား(၅၀၀၀)ကျပ်၊ အမျိုးသမီး(၃၀၀၀)ကျပ်ခန့်ရရှိပါသည်။ကျေးရွာ၏စာတက်မြောက်မှုတွင်လည်း မူလတန်းပညာရေးတွင် အမျိုးသားဦးရေမှာ များပြားပြီး အလယ်တန်း၊အထက်တန်း၊တက္ကသိုလ်ပညာရေးအဆင့်တွင် အမျိုးသားလူဦးရေမှာ များပြားပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာပါဝင်ကြပါသည်။ သို့သော်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင် အမျိုးသမီးများ၏အခန်းကဏ္ဍမှာ အနည်းငယ်အားနည်းနေဆဲဖြစ်ပါသည်။

(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပူပေါင်းဆောင်ရွက်နေပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများကိုယ်တိုင်ပူးပေါင်းပါဝင်ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာရှိ လယ်သမားများအဓိကစိုက်ပျိုးသီးနှံများမှာစပါးနှင့်မတ်ပဲဖြစ်ပါသည်။ မိုးရာသီနှင့် နွေရာသီ စိုက်ကေ(၃၉၉.၁၇)ကေကို စိုက်ပျိုးကြပါသည်။ စိုက်ခင်းအားလုံးသည် ရွှေ့ပြောင်းစိုက်သည့်စနစ်နှင့်အစွေ့ချစနစ်တို့ကို ကျင့်သုံးကြပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ပံ့ပိုးသောချေးငွေမှာ မြေပြင်ဆင်စရိတ်နှင့် စိုက်ပျိုးစရိတ်အထိသာ အထောက်အကူပြုပါသည်။ သို့သော် ဓာတ်မြေဩဇာ၊ အစာဖိုးနှင့်ရိတ်သိမ်းခူးခြေသည့်စရိတ်တို့အတွက် ပြင်ပလုပ်ငန်းရှင်များနှင့် ဓာတ်မြေဩဇာအရောင်း

ဆိုင်များမှ အတိုးနှုန်း(၅)ကျပ်နှုန်းဖြင့် ချေးယူရပါသည်။ ခြံဝန်းများအတွင်းတွင် ကွမ်းကို စိုက်ပျိုးပါသည်။

ညောင်ကုန်းကျေးရွာတွင် တစ်နိုင်တစ်ပိုင်မွေးမြူရေးအနည်းငယ်လုပ်ကိုင်ကြပါသည်။ နွား၊ ဝက်၊ ကြက်၊ဘဲများကို တစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။ စီးပွားဖြစ်မွေးမြူနိုင်ခြင်းမရှိပါ။ ကျေးရွာ၏ မွေးမြူရေးလုပ်ငန်းတိုးတက်ရန်အတွက် နည်းပညာနှင့်ရောဂါကာကွယ် ထိန်းချုပ်ရန် လိုအပ်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ညောင်ကုန်းကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများမှာ ဈေးဆိုင်၊ အရောင်းအဝယ်၊ ဆံပင်ညှပ် ၊ စက်ချုပ်၊ခေါင်းရွက်ပျက်ထိုး၊ ဆိုင်ကယ် တက်စီအစရှိသည့်လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ တစ်နေ့လျှင် လုပ်အားခ ကျား(၅၀၀၀)ကျပ်၊ မ(၃၀၀၀)ကျပ်ရရှိပါသည်။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၆၂)စုခန့် လုပ်ကိုင်ကြပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာတွင် ပြောင်းစိုက်ခင်းနှင့်မတ်ပဲ၊ပဲတီစိမ်း၊ငရုပ်စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တက်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာသုံးစွဲမှုကြောင့် များပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားလာသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ မြို့နယ်နှင့်ဝေးကွာသည့်အတွက် ဒေသလုံခြုံရေးအား ကျေးရွာအုပ်စုရဲစခန်းမှ တာဝန်ယူဆောင်ရွက်ပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ငွေချေးရန်အရင်းအမြစ်များမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမဦးစီးဌာနတို့ ဖြစ်ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများကိုသာ ထုတ်ချေးပြီး တစ်ကေလျှင် (၁၅၀၀၀၀) ကျပ်နှုန်း ထုတ်ချေးပေးပါသည်။ အတိုးနှုန်းမှာ (၀.၄၂)ကျပ်နှုန်းဖြစ်ပြီး လတိုးဖြစ်ပါသည်။ ထုတ်ချေးသည့်ကာလမှာ(၇)လဖြစ်သည်။လယ်သမားများအနေဖြင့် လုံလောက်သော ချေးငွေပမာဏအား နှစ်ရှည်(အနည်းဆုံး ၃နှစ်) ထုတ်ချေးမည်ဆိုပါက ပိုမိုအကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်ပါသည်။

သမဝါယမအဖွဲ့မှ ငွေထုတ်ချေးသည့် အစီအစဉ်မှာ အဖွဲ့ဝင်ဖြစ်လျှင် ထုတ်ချေးနိုင်သည်။ အဖွဲ့ဝင်ဖြစ်ရန် (၅၀၀၀)ကျပ်စုရသည်။ စိုက်ပျိုးရေးအတွက်သာ ထုတ်ချေးပေးပါသည်။ ငွေပမာဏမှာ တစ်ဦးလျှင် ပထမအကြိမ်တွင် (၁၀၀၀၀၀၀)ကျပ် ထုတ်ချေးနိုင်ပါသည်။

ပတ်-မြန်မာ၊ကိုရီးယား၊ဟောမန်ငွေကြေးဝန်ဆောင်မှုအဖွဲ့များအနေဖြင့် ကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည်မှာ (၂)နှစ်ခန့်ရှိပြီဖြစ်သည်။ စိုက်ပျိုးရေးချေးငွေနှင့် ကျဘမ်းများအား ချေးသည့်ရိုးရိုးချေးငွေဟူ၍ နှစ်မျိုးရှိသည်။ စိုက်ပျိုးရေးချေးငွေမှာ ပထမနှစ်တွင် (၂၀၀၀၀၀)ကျပ်ဖြစ်ပြီး ရိုးရိုးချေးငွေမှာ (၈၀၀၀၀)ကျပ်ဖြစ်သည်။ စိုက်ပျိုးရေးချေးငွေရရှိရန် ပုံစံ(၇) လိုအပ်သည်။ သို့ရာတွင် ကျဘမ်းမိသားစုများအနေဖြင့် ငွေချေးရန် အခက်အခဲရှိနေပါသည်။ အဘယ်ကြောင့်ဆိုသော် ပြန်လည်ပေးဆပ်သည့်ပုံစံမှာ (နှစ်ပတ်လျှင်တစ်ကြိမ်)ပြန်လည်ပေးဆပ်ရခြင်း၊ပုံမှန်ဝင်ငွေရလုပ်ငန်းများ မရှိခြင်း၊ ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန် အသက်မွေးဝမ်းကျောင်းပညာများ မရှိခြင်းတို့ကြောင့် ဖြစ်သည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ညောင်ကုန်းကျေးရွာအတွင်း၌ အခြေခံပညာမူလတန်းကျောင်းရှိပြီး ကျောင်းသား/သူများ ပညာသင်ကြားနေရပြီး အဆိုပါကျောင်းဆောင်မှာ တစ်ထပ်အုတ်ကျောင်း ဖြစ်ပြီး အရည်အသွေး ကောင်းမွန်ပါသည်။ သောက်သုံးရေကို ကျောင်းဝင်းအတွင်းရှိ တုံကင်မှ ခပ်ယူသုံးစွဲပါသည်။ (၂)ခန်းတွဲအိမ်သာ နှစ်လုံးကလည်း ကျောင်းသူ၊ကျောင်းသားများအတွက် အဆင်ပြေလုံလောက်မှုရှိပါသည်။

ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက (၃)မိုင် ကွာဝေးသော နိဗ္ဗာန်တိုက်နယ်ဆေးရုံတွင် အဓိကထား၍ သွားရောက်ပြသပါသည်။ မြို့နယ်ဆေးရုံတွင် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိပါသည်။အသေးစားကျန်းမာရေးနှင့်ဆိုင်သော ဆေးဝါးများကို ကျေးရွာအတွင်းရှိ ဆေးဆိုင်များတွင်ရရှိနိုင်ပြီး အကြီးစားကျန်းမာရေးအတွက် ဟသ်ာတမြို့ပေါ်ရှိဆေးဆိုင်တွင် ရနိုင်ပါသည်။ အရေးပေါ်ကိစ္စရပ်များအတွက်ကိုမူ ဟသ်ာတမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြသကြပါသည်။ ကျေးရွာအတွင်း ခြံစည်းရိုးကာရံထားသော သောက်ရေတွင်း မရှိပါ။ ရေတွင်း(၃)တွင်း၊ အဝီစိတွင်း(၅၆)တွင်း၊အဝီစိတုံကင်(၅၄)တွင်းရှိသဖြင့် သောက်ရေအတွက်လုံလောက်မှုရှိသော်လည်း ရေဝါသဖြင့် ရေစစ်ကန်ဖြင့် အသုံးပြုရပါသည်။ ယင်လုံ အိမ်သာသုံးစွဲသော အိမ်ထောင်စုမှာ(၁၁၀)အိမ်ရှိပြီး ကျန်းမာရေးအသိအမြင်များကြောင့် အိမ်တိုင်းစေ့ နီးပါးသုံးစွဲကြပြီး အိမ်သာမရှိသည့်အိမ်ထောင်စုများမှာ နီးစပ်ရာဆွေမျိုးများနှင့်ပေါင်းစပ်အသုံးပြုကြပါသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များမှာ ကျေးရွာ၏သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် ပါဝင်ဆောင်ရွက်ကြပါသည်။ ဝတ်ရွတ်အဖွဲ့များနှင့် နိဗ္ဗာန်ဆော်လူငယ်အဖွဲ့များလည်း ရှိပါသည်။ ဝတ်ရွတ်အဖွဲ့များသည် ဥပုသ်နေ့တိုင်းတွင် ဝတ်ရွတ်ကြပါသည်။ ကျေးရွာ၌ စာကြည့်တိုက်တစ်ခုလိုအပ်ပါသည်။ လူငယ်များမှာ ကျေးရွာ၏သာရေး၊နာရေးလုပ်ငန်းများတွင် အားတက်သရောပါဝင်လုပ်ဆောင်သော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှုအားနည်းနေပါသည်။

(ဇ) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု– လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ညောင်ကုန်းကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကုန်းလမ်းကို အသုံးပြုကြပါသည်။ ပွင့်လင်းရာသီနှင့် မိုးရာသီများတွင် ကုန်းလမ်းတစ်ခုတည်းကိုသာ အသုံးပြုကြပါသည်။စက်ဘီး(၇၇)စီး၊ ဆိုင်ကယ်(၆၉)စီး၊ ထော်လာဂျီ(၁၄)စီး၊နွားလှည်း(၁၀)စီး ရှိပါသည်။

ကျေးရွာတွင် မီးအလင်းရောင်အတွက် ဆိုလာမီးကို အိမ်ခြေ(၂၅)အိမ်ခန့် ဝယ်ယူအသုံးပြုကြပါသည်။ ကျေးရွာတွင် Telenorဖုန်းလိုင်းကို အများဆုံး ဆက်သွယ်နိုင်ပါသည်။

(စျ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

မိသားစုရွာကဲ့သို့ပင် စည်းစည်းလုံးလုံး နေထိုင်ကြသဖြင့် ပြဿနာကြီးကြီးမားမားဖြစ်လေ့မရှိပါ။ ဘာသာရေးခေါင်းဆောင်များ၏ ဆုံးမမှု၊လူကြီးသူမများ၏ကြီးကြပ်မှုဖြင့် အေးချမ်းသာယာစွာ နေထိုင်ကြပါသည်။ ခိုးမှုသည်ကျေးရွာတွင် သာမန်မျှသာဖြစ်ပွားပြီး အခြားအမှုအခင်းဖြစ်ပွားမှု မရှိပါ။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(၁) စိုက်ပျိုးရေး

ညောင်ကုန်းကျေးရွာအနေဖြင့် လယ်စိုက်ပျိုးရေးအတွက် အခြေအနေကောင်းများမှာ သဘာဝရေမြေရာသီဥတုအနေအထားနှင့် အသင့်အတင့်အသုံးချနိုင်ခြင်း၊ စိုက်ပျိုးရေးအတွက် အသင့်အတင့်လုံလောက်ခြင်း၊ ချေးငွေများ အသင့်အတင့်ရရှိနိုင်ခြင်း၊ သီးနှံမျိုးစေ့များကို ဝယ်ယူ၍ရနိုင်ခြင်း၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများဝယ်ယူရရှိနိုင်ခြင်း၊ လုပ်အားအသင့်အတင့်ရရှိနိုင်ခြင်း၊

စိုက်ပျိုးသီးနှံများ အားရောင်းချရန် စျေးကွက်ရှိခြင်း၊ စိုက်ပျိုးရေးသုံးကိရိယာများအား အသင့်အတင့် ပိုင်ဆိုင်ခြင်းတို့ဖြစ်ပါသည်။

(၂) မွေးမြူရေး

ညောင်ကုန်းကျေးရွာအနေဖြင့် မွေးမြူရေးလုပ်ငန်းအတွက်အခြေအနေကောင်းများမှာ မွေးမြူရေးလုပ်ငန်းအတွက် ရေအသင့်အတင့်ရရှိနိုင်ခြင်း၊ တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ အသင့်အတင့်ဝယ်ယူရရှိနိုင်ခြင်း၊ မွေးမြူသောတိရစ္ဆာန်များအတွက် လိုအပ်သော သွင်းအားစုများကို ဝယ်ယူရရှိနိုင်ခြင်း၊ မွေးမြူထားသောထုတ်ကုန်များ ရောင်းချရန်စျေးကွက်ရှိခြင်းတို့ဖြစ်ပါသည်။

(၃) ပညာရေး

ညောင်ကုန်းကျေးရွာအနေဖြင့် ပညာရေးအတွက် အခြေအနေကောင်းများမှာ ကျေးရွာနှင့်(၃)မိုင်အကွာတွင် အခြေခံပညာအထက်တန်းကျောင်းရှိပြီး၊ အဆိုပါကျောင်းဆောင်၏အရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ခြင်း၊ ဆရာ/ဆရာမအင်အား လုံလောက်မှုရှိခြင်းတို့ဖြစ်ပါသည်။

(၄) ကျန်းမာရေး

ညောင်ကုန်းကျေးရွာအနေဖြင့် ကျေးရွာအုပ်စုအတွင်း ကျေးလက်ကျန်းမာရေးဌာနရှိခြင်း၊ ကျေးရွာနှင့်(၃)မိုင်အကွာတွင် နိဗ္ဗာန်တိုက်နယ်ဆေးရုံရှိပါသည်။ တိုက်နယ်ဆေးရုံနှင့်(၃)မိုင်သာ ကွာဝေးသောကြောင့် ကျန်းမာရေးစောင့်ရှောက်မှုရယူနိုင်သည့် ကျေးရွာဖြစ်ပါသည်။

ညောင်ကုန်းကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေစုစုပေါင်းမှာ (၃၄၈)ဦးရှိပြီး ကျေးရွာလူဦးရေ၏ (၆၆%) ရှိပါသည်။ ထို့အပြင် တက္ကသိုလ်ဘွဲ့ရဦးရေအသင့်အတင့်ရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူစွမ်းအားအရင်းအမြစ်များစွာရှိနေပါသည်။ လူကြီး၊ လူငယ်လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်းလုပ်ဆောင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ်ကာလအတွက် အားရဖွယ်ရာပင်ဖြစ်သည်။

ညောင်ကုန်းကျေးရွာတွင် စပါး၊မတ်ပဲနှင့်ကွမ်းသီးနှံများကို စိုက်ပျိုးထုတ်လုပ်နိုင်သည်။ ရောင်းချချိန်တွင်စပါးစျေးနှုန်းမကောင်း၍ မိမိလုပ်အားခပြန်ရရုံထုတ်လုပ်မှုအဆင့်သာဖြစ်သော်လည်း လယ်သမားမိသားစုများနှင့် ကျပန်းလုပ်ငန်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ၊ စပါးအခြေခံရောင်းဝယ်မှု၊ ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်များတွင် ရောင်းဝယ်ဖောက်ကားသူစသည်ဖြင့် စပါးထုတ်

လုပ်မှုတို့မှ ကျေးရွာသူ/သားများအတွက် ဝင်ငွေနှင့်စားနပ်ရိက္ခာကို အတန်အသင့်ဖူလုံစေသည်ဟု ဆိုရမည်ဖြစ်ပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အိမ်ထောင်စုအများစုမှာ အသက်မွေးမှုပြုကြသဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကိုထုတ်ယူနိုင်ခြင်း၊ သမဝါယမချေးငွေနှင့်ပတ်မြန်မာ၊ ကိုရီးယား၊ ဟောမန်စသည်အဖွဲ့အစည်းများမှ ချေးငွေများကို လက်လှမ်းမီသည့်အတွက်ကြောင့် မိမိတို့အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် သင့်တော်သော ရင်းနှီးငွေပမာဏာအား ရရှိနိုင်ပါသည်။

ညောင်ကုန်းကျေးရွာရှိ မူလတန်းကျောင်းမှ ကျောင်းသား/သူများအတွက် သင့်တော်လုံလောက်မှုရှိသည့်အပြင် မိဘ/ဆရာအသင်းသည် စုစည်းတက်ကြွစွာဖြင့် လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်နိုင်သောကြောင့် မူလတန်းအဆင့်ပညာရေးအတွက် ကောင်းမွန်သော အလားအလာများဖြစ်ပါသည်။ ၄င်းအပြင်အလယ်တန်းနှင့် အထက်တန်းပညာများသင်ယူမည့်အထက်တန်းကျောင်းနှင့် အကွာအဝေးမှာ (၃)မိုင်သာရှိ၍ နေ့ချင်းပြန်ကျောင်းတက်နိုင်သည်ဖြစ်ရာ ကုန်ကျစရိတ်နည်းပါးစွာဖြင့် ပညာတက်လူငယ်လူရွယ်များ ထွက်ပေါ်လာနိုင်မည်ဖြစ်ပါသည်။

တိုက်နယ်ဆေးရုံနှင့် (၃)မိုင်သာကွာဝေးသောကြောင့် ကျန်းမာရေး စောင့်ရှောက်မှုများအား ရယူနိုင်သည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။

ကျေးရွာတွင် လူငယ်များအနေဖြင့် သာရေး၊နာရေး၊ ဘာသာရေးတို့တွင် ပါဝင်မှုအားနည်းကြသော်လည်း ကျေးရွာလူကြီးများ၏လမ်းညွှန်မှုများအတိုင်း ဝေယျာဝစ္စလုပ်ခြင်း၊ လုပ်အားပေးခြင်းတို့ကို ဆောင်ရွက်ကြပါသည်။ ကျေးရွာရှိအိမ်ထောင်စုများသည် ဆွေမျိုးမကင်းကြသူများဖြစ်ကြပြီး ကြီးကြီးမားမားမူခင်းများဖြစ်ပွားမှုနည်းပါးခြင်းကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ညောင်ကုန်းကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသောအဖွဲ့များရှိသော်လည်း အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက်လုပ်ဆောင်ချက်မှုများတွင် အားနည်းမှုများ ရှိပါသည်။

(၁) စိုက်ပျိုးရေး

ညောင်ကုန်းကျေးရွာတွင် ရိတ်သိမ်းခြွေလှေ့စက်ကို ငှားရမ်းအသုံးပြုသူတောင်သူအရေအတွက်များပြားပြီး အလွယ်တကူငှားရမ်း၍ မရသဖြင့် သီးနှံရိတ်သိမ်းရာတွင် ကြန့်ကြာမှုရှိနိုင်ပါသည်။

ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို စနစ်တကျသိရှိမှုအားနည်းခြင်း၊ လိုအပ်သော သွင်းအားစုများကို အချိန်မီထည့်သွင်းနိုင်မှုမရှိနိုင်ခြင်းကြောင့် ရလဒ်ကို အထင်အရှားမမြင်ရ၍ နည်းပညာပြန့်ပွားကျင့်သုံးမှုနှင့် တောင်သူအားလုံးအကျိုးအမြတ်ဖြစ်ထွန်းလာစေရန် များစွာအချိန်ယူရအုံးမည် ဖြစ်ပါသည်။

(၂) မွေးမြူရေး

ညောင်ကုန်းကျေးရွာအနေဖြင့် မွေးမြူရေးလုပ်ငန်းအတွက် အခက်အခဲများမှာ အရင်းအနှီးလုံလောက်မှုမရှိခြင်း၊ သွင်းအားစုများဈေးနှုန်းကြီးခြင်းနှင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများရှိခြင်းနှင့် ထုတ်ကုန်များကို ရောင်းချရာတွင် ဈေးကောင်းမရရှိခြင်းတို့ ဖြစ်ပါသည်။

(၃) ပညာရေး

ပညာရေးအတွက် အခက်အခဲမှာ ပညာသင်ကြားရန်အတွက် စာသင်ကျောင်းသို့ သွားလာရာ၌ လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း၊ ဆင်းရဲသောမိသားစုများမှာ ကျောင်းစရိတ် မတက်နိုင်ခြင်းတို့ဖြစ်ပါသည်။

(၄) ကျန်းမာရေး

ညောင်ကုန်း ကျေးရွာအနေဖြင့် ကျန်းမာရေးအတွက်အခက်အခဲများမှာ ကျေးရွာအတွင်း ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိခြင်းတို့ဖြစ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစုများမှာ အသက်မွေးဝမ်းကျောင်းပညာများတက်မြောက်မှုအားနည်းခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများအတွက် နီးစပ်ရာ ကျေးရွာများ၊ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရန် နည်းပညာများ မသိရှိကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန်အတွက် လိုအပ်သည့်အချိန်တွင် လိုအပ်သလောက် ချေးငွေရရှိရန် အကန့်အသတ်များရှိခြင်း စသည်တို့ကလည်း လိုအပ်ချက်များ ရှိနေဆဲဖြစ်ပါသည်။

ညောင်ကုန်းကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမအသင်းအဖွဲ့များ၊ ပတ်-မြန်မာ၊ ကိုရီးယားတန်၊ ဟေမန်စသည်တို့မှ ချေးငွေများရရှိသော်လည်း တင်းကြပ်သော ချေးငွေစည်းမျဉ်းစည်းကမ်းများနှင့် ချေးငွေကာလတိုတောင်းခြင်းများသည် တောင်သူများအတွက် အကျိုးအမြတ်ဖြစ်ထွန်းရန် အဟန့်အတားများ ဖြစ်နေဆဲဖြစ်ပါသည်။

ကျေးရွာ၏ခလေ့မှာ လူကြီးများသာ ခေါင်းဆောင်တင်မြောက်ရန် စဉ်းစားလေ့ရှိသဖြင့် ခေါင်းဆောင်မှုအပိုင်းတွင် စိတ်ပါဝင်စားမှုရှိသော်လည်း လူငယ်များမှာ နောက်ကျန်နေကြရသည်။ လူငယ်များ

အနေဖြင့် အင်တာနက်မှတဆင့် သတင်းအချက်အလက်များကို ရယူနိုင်သော်လည်း ကျေးရွာဖွံ့ဖြိုးရေးနှင့် ဆက်စပ်သော မိမိတို့၏အတွေ့အကြုံများကို ပြန်လည်အသုံးချမှုနှင့် ခေါင်းဆောင်မှုစွမ်းရည်၊ ဖွံ့ဖြိုးရေး သဘောတရားများကို သဘောပေါက်နားလည်မှုအားနည်းကြသည်မှာ အနာဂတ်ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားဖြစ်ပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် မဟာဗျူဟာ

ကျွန်ုပ်တို့ညောင်ကုန်းကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်မှာယေဘုယျအားဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်သာယာရေးဖြစ်ပါသည်။ ထို့ကြောင့်ပင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သောနည်းလမ်းဖြင့် အဆိုပါရည်မှန်းချက်ပန်းတိုင်နှင့် ပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်မည့်နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

(က) ရည်မှန်းချက်ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များတွင်ကျေးရွာသူ၊ကျေးရွာသားများဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးတို့အပြင်ပညာရေးကိုအလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း (၂၀၂၀ခုနှစ်မှ၂၀၂၄ခုနှစ်)အတွင်း အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် အောက်ပါအတိုင်းရိုးရှင်းစွာချမှတ်ထားပါသည်။

(၁) ရွာလူထုသည်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်နှင့် ကျေးရွာမီးလင်းရေးဆောင်ရွက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာရမည်။

(၂) ရွာလူထုသည် စိုက်ပျိုးရေးဖြင့် ထုတ်ကုန်တိုးမြှင့်ထုတ်လုပ်ခြင်းအား တိုးတက်လုပ်ကိုင်နိုင်ခြင်းဖြင့် ဝင်ငွေတိုးတက်စေရမည်။

(၃) လူငယ်များအား ပညာတတ်မြောက်မှုကို ပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာစေပြီး စီးပွားရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြင့်လာစေရမည်။

(ခ) နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကိုအောက်ဖော်ပြပါ အကောင်အထည်ဖော်ရေးနည်းဗျူဟာများကျင့်သုံး၍ စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးရည်မှန်းချက်များကိုရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(၁) ကျေးရွာရှိ မိရိုးဖလာစိုက်ပျိုးနည်းများကိုသာ အသုံးပြုနေသော တောင်သူများ၏ဝင်ငွေတိုးတက်လာစေရန်အတွက်အထွက်နှုန်းနှင့် အရည်အသွေးကောင်းပြီး ဈေးကွက်အတွင်း လူကြိုက်များသောစပါးမျိုးများကိုသာဦးစားပေးစိုက်ပျိုးထုတ်လုပ်ရန်နှင့် စိုက်ပျိုးရေးနည်းပညာများပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းများအတွက် လိုအပ်ချက်များကိုဖြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ချိတ်ဆက်လုပ်ဆောင်ရန်လိုအပ်ပါသည်။

(၂) ကျေးရွာအတွင်းရှိလူငယ်များ၏အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်အတွက် ဒေသအတွင်း စက်ရုံအလုပ်ရုံများ တိုးတက်များပြားလာစေရန် ဖိတ်ခေါ်ရန်၊ အသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများအတွက်ချိတ်ဆက် ဆောင်ရွက်ပေးရန်၊ ဈေးကွက်ထိုးဖောက်မည့်အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ရန်၊ ဒေသထွက်ကုန်များ ဈေးနှုန်းပိုမိုရရှိရန် ကုန်ကြမ်းမှကုန်ချောထုတ်လုပ်သောနည်းပညာများရရှိရန်နှင့် ချေးငွေလက်လှမ်းမီမှုရရှိရန်လိုအပ်နေပါသည်။

(၃) ကျေးရွာအတွင်းတွင်လယ်သမားများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှချေးငွေအစီအစဉ်ရှိသော်လည်းစိုက်ပျိုးရေး၊မွေးမြူရေးနှင့်ကျေးရွာတွင်းအသေးစားလုပ်ငန်းများအတွက် လုံလောက်မှုမရှိသောကြောင့် ချေးငွေထုတ်ချေးပေးနိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်များနှင့် အသေးစားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေပါမည်။

(၄) ကျေးရွာတွင်းလမ်းများနှင့် ချဉ်းကပ်လမ်းများအား အဆင့်မြှင့်တင်ခြင်းများအတွက် သက်ဆိုင်ရာဦးစီးဌာနများ၊ အကူအညီပေးမည့်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ကျေးရွာလူထုလုပ်အား ပေါင်းစပ်ကာ လုပ်ဆောင်သွားပါမည်။

(၅) ကျေးရွာမီးလင်းရေးအတွက် လျှပ်စစ်ဓါတ်အားလိုင်းနှင့်ချိတ်ဆက်ရန် ငွေကြေးမတတ်နိုင်သော်လည်း သက်ဆိုင်ရာဌာနသို့ တင်ပြထားခြင်း၊ မီးလင်းရေးကော်မတီဖွဲ့စည်းခြင်း၊ ငွေကြေးများကို ကြိုတင်စုဆောင်းထားခြင်းများကို အရေးတကြီးဆောင်ရွက်ရန် လိုအပ်ပါသည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကိုရင်းနှီးကျွမ်းဝင်ပြီးသောအစိုးရ ဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကိုပြုစုဖော်ပြထားပါသည်။ ဖော်ပြပါအဖွဲ့အစည်းများသည်ကျွန်ုပ်တို့ကျေးရွာ၏လိုအပ်ချက်များအားနိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့် ထိုမှတဆင့်ကျွန်ုပ်တို့ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့်အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည်အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့သည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်အားထုတ်လုပ်ကိုင်မှုများကိုပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သောဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ပြုပြင်ရေးဆွဲခြင်းစသည်တို့ဆောင်ရွက်နိုင်ရန် အကူအညီများဆက်လက်ရရှိမည်ဟုမျှော်လင့်ပါသည်။

(ခ)ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ

ညောင်ကုန်းကျေးရွာလူထု၏လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားဝင်ငွေရလုပ်ငန်းများအတွက် လုံလောက်သောချေးငွေများရရှိမှုကလည်း အဓိကဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ဆောင်းသီးနှံ(ကာလတိုချေးငွေ)တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် အခြားသီးနှံစိုက်ပျိုးသူတောင်သူများအတွက်လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။ တောင်သူအများစုသည် ကာလရှည်ချေးငွေထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက်လုပ်ဆောင်လိုကြသည်။ ကျေးရွာသူ/သားများလိုအပ်သော ချေးငွေများထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာသတ်မှတ်ချက်များကိုလျော့ချပြီး ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့်ပါသည်။

(ဂ) အသက်မွေးဝမ်းကြောင်းဆိုင်ရာနည်းပညာနှင့်စျေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

ညောင်ကုန်းကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုးထုတ်လုပ်သူများ၏စျေးကွက်ဆိုင်ရာ သဘောသဘာဝသိရှိမှုအားနည်းခြင်းနှင့် အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များရရှိရေးအတွက် ခေတ်မီသောနည်းပညာများလိုအပ်ခြင်းပင်ဖြစ်သည်။ ဟင်္သာတမြို့နှင့်ဝေးလှသော်လည်း ဟင်္သာတ-ရှားခဲကုန်းကားလမ်းမှတစ်ဆင့် ရာသီမရွေးသွားလာနိုင်ခြင်း၊ သယ်ယူပို့ဆောင်ရေးယာဉ်များရှိခြင်းစသည့်အားသာချက်ကို အမှီပြု၍ ဒေသထွက်ကုန်များကိုသင့်တော်သောစျေးနှုန်းဖြင့် ရောင်းချရန် စျေးကွက်သဘောတရားများကို နားလည်အောင်ရှင်းပြပေးနိုင်မည့်မြို့နယ်အဆင့်မှ စိုက်ပျိုရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့်အခြားသက်ဆိုင်ရာဦးစီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြဖေးမမှုများကလည်းအရေးပါလှပါသည်။

ထို့အပြင်အသက်မွေးဝမ်းကျောင်းဆိုင်ရာနည်းပညာပေးသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက၊ ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများစသည်တို့အတွက် လိုအပ်သောကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။ သက်ဆိုင်ရာဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာ တိုးတက်လာစေပါမည်။

ကျွန်ုပ်တို့ကျေးရွာတွင်ဒေသထွက်ကုန်ကြမ်းများကို သာရောင်းချမည့်အစား အရည်အသွေးရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိလူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံသာမကဒေသတွင်း တစ်နိုင်တစ်ပိုင်အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့်ကျေးရွာ၏ ဝင်ငွေရရှိမှုမြင့်မားလာခြင်း၊ အခြားဒေသများတွင် ရွှေ့ပြောင်းလုပ်ကိုင်နေသူများ အားမိမိနေရပ်သို့ပြန်လာ၍ လုပ်ကိုင်နိုင်မည့်အခွင့်အလမ်းများ တိုးတက်လာစေပြီးမိသားစုများပေါင်းစည်းနေထိုင်လုပ်ကိုင်နိုင်ခြင်းစသည်ဖြင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှုတိုးတက်လာစေပြီးဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းစေရေးကို အထောက်အကူပြုနိုင်ပေမည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလက်တွေ့ အကောင်အထည်ပေါ်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ရောက်ရှိအောင် အောက်ခြေအထိလုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီမံကိန်း(၅)နှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကိုပြီး မြောက်အောင်ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ်လိုအပ်ပါသည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုသည်(၅)နှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည်။ ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည်မဟုတ်သေးပေ။ သို့ဖြစ်ပါ၍ ကျေးရွာလူထုသည် စီမံချက်များကိုအကောင်အထည်ဖော်မှု(၂-၃)နှစ်ကျော် လာချိန်တွင် စီမံကိန်း(၅)နှစ်တာကာလအတွင်းဦးစားပေးလုပ်ငန်းများထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန်လိုအပ်လာပါမည်။ ဆိုးရွားသောသဘာဝဘေးအန္တရာယ်သက်ရောက်မှုများမရှိခဲ့လျှင် (၅)နှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများပြောင်းလဲမှုရှိမည်မဟုတ်သော်လည်းစီမံကိန်း(၅)နှစ်တာအတွင်း ထပ်တိုးစီမံကိန်းများ ရှိလာနိုင်ပါသည်။

ထိုကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည်နှစ်အလိုက် ဘဏ္ဍာရေးနှစ် ငွေကြေးစီမံမှုဆိုင်ရာရွေးချယ်ခြင်း၊ အစီအစဉ်နှင့်စီမံချက်များအားပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေရန်ဦးတည်ပါသည်။ ဒေသတွင်းဖြစ်ပေါ်လာသောဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များ အပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။သို့ဖြစ်၍ ကျွန်ုပ်တို့(၅)နှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့်စီမံချက်များအားကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည်စီမံကိန်းဆိုင်ရာအချက်အလက်များခွဲခြမ်းသုံးသပ်ရာတွင်များစွာ အထောက်အကူပြုပါမည်။ Functional classificationသည် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့်သက်ဆိုင်သောစီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါသည်။ (Economic classification)သည် စီမံချက်များ၏အကျိုးရလဒ်ဖြစ်ထွန်းမှုများအားအကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) ကဏ္ဍကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း(Functional classification)

ဆောင်ရွက်မည့်စီမံချက်ဘတ်ဂျက်သည် (က)မည်သည့်ကဏ္ဍအောက်တွင် (ဥပမာ-စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍစသည်)၊ (ခ)မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

(၂)ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍အုပ်စုသတ်မှတ်ခြင်း(Economicclassification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှုဖြစ်သည်ကို ဖော်ပြခြင်းဖြစ်ပါသည်။

- သာမန်အသုံးစရိတ်(Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခစသည်များ
- ငွေလုံးငွေရင်းအသုံးစရိတ်(Capital Expenditure) ဥပမာ-ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ရသောရင်းနှီးမြှုပ်နှံမှုများ
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်(CapacityBuliding Expenditure) ဥပမာ-ဆွေးနွေးပွဲ၊သင်တန်းစသည့်အသုံးစရိတ်
- လူသားချင်းစာနာမှုအထောက်အပံ့(Humaniltarian support)

(ဂ) ဦးစားပေးစီမံချက်များ

